
စာမွန်စန်းယာစာအုပ်စင်




# စစ်ကိုင်းဦးဘိုးသင်

တိုင်းပြည့်ဝတ်မှုန်

mgyoe.com

mgyoe.com

မင်း မရှိသော ပြည်သည် အချည်းနှီးတည်း။
အချည်းနှီးသော ပြည်၌ မြို့ရွာတို့သည် မ,တည်နိုင်တော့သတည်း။
မြို့ရွာတို့မ,တည်နိုင်လျှင် လူတို့သည် တိရစ္ဆာန်တို့၏ အဆင့်အတန်းသို့
လျှောကျ၍ မကောင်းမှုကို အပြုကျင့်နိုင်ဆုံးသော တိရစ္ဆာန်သတ္တဝါ
ဖြစ်ရာတော့သည်။
ထို့ကြောင့် လူ့အဆင့်အတန်းကား အယုတ်သဖြင့် ရွာ ရှိရမည်။
မြို့ ရှိရမည်၊ ပြည် ရှိရမည်။ ပြည် ရှိလျှင် မင်း ရှိရမည်။ ထိုသဘောကြောင့်
မင်းကို မှီ၍ ပြည်သူလူထု အိမ်ရာထောင်သူတို့သာ မဟုတ်။
ရသေ့ရဟန်းတို့လည်း တည်ရသည်။
ဝိဇ္ဇာ ဇော်ဂျီ တပသီတို့လည်း တည်ရသည်။
မင်း မရှိ၍ ပြည် မရှိသော်၊ ပြည် မရှိ၍ မြို့မရှိသော်၊
မြို့ မရှိ၍ ရွာ မရှိသော် နိုင့်ထက်စီးနင်းမှုသည်
လွှမ်းလာသဖြင့် ဈေးကန်းမည်။ အိမ်ဈေးတို့ သုဉ်းမည်။
ထိုအခါ ဝိဇ္ဇာ ဇော်ဂျီ တပသီပင် အဝတ်ကင်းမဲ့၍ ပျက်စီးခြင်းဖြင့်သာ
ဆုံးခန်းတိုင်ရောက်ရမည်။
ထိုသဘောကြောင့် မင်းသည် လောက၌ ဘုရားမှတစ်ပါး
အကြီးဆုံးသော ကျေးဇူးရှင်၊ အကြီးဆုံးသော
မိတ်ဆွေကောင်းအဖြစ်နှင့်လည်း တည်ပါသည်။

# စစ်ကိုင်းဦးဘိုးသင်း

## တိုင်းပြည့်ဝတ်မှုန်

ISBN9789997117212
ANB115
9 789997 117212
1,300.00KS

mgyoe.com

တိုင်းပြည့်ဝတ်မှုန်၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - မှုရင်းမဂ္ဂဇင်းသရုပ်ဖော်လက်ရာ
စာမျက်နှာ ၁၁၇+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
(ယခင်သွေးသောက်မဂ္ဂဇင်းဝတ္ထုရှည်)

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စာမွန်ခန်းသာစာအုပ်စင်

# တိုင်းပြည့်ဝတ်မှုန်

စစ်ကိုင်းဦးဘိုးသင်း

တစ်ပုဒ်တည်းပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

စာမွန်ခန်းသာ

စိတ်ကူးချိုချို၏ အမိုးနည်းဝန်ပါ
ရသစာအုပ်ကောင်းလေးများ
အစီအစဉ် ဖြစ်ပါသည်။

ဝတ္ထုလတ်တစ်ပုဒ်(သို့မဟုတ်)နှစ်ပုဒ်သော်လည်းကောင်း၊
ဝတ္ထုတိုသုံးပုဒ်(သို့မဟုတ်)ငါးပုဒ်သော်လည်းကောင်း
ရသစာမွန်စာကောင်းများ ရွေးချယ်စုစည်းသွားပါမည်။

အချိန်ရှားပါး ခေတ်လူသားများသို့ အထူးရည်ရွယ်လျက်
ပေါ့ပေါ့ပါးပါးလည်းရှိ၊ တန်ကြေးလည်းမများ၊
ခရီးဆောင်လည်းဖြစ်၊ ညောင်ခန်းသာမှာလည်း ညောင်ခံ၊
စာဖတ်ခလေ့ အထောက်အကူလည်း ပြုရလေအောင်
ရည်ရွယ်စီစဉ်လိုက်ကြခြင်း ဖြစ်ပါသည်။

mgyoe.com




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## အခန်း (၁)

သုနာပရန္တတိုင်း၊ တက္ကသိုလ်ပြည်ကြီး၌ မိုးဥတုကုန်အံ့သော ဗြိတ္ထာရာသီ၌ တက္ကသိုလ်ကျောင်းတော်သူ၊ ကျောင်းတော်သားတို့သည် သုံးနှစ်သုံးဝါစေ့မြောက်၍ မိမိတို့နေရပ်သို့ ပြန်ကြရတော့မည်ဖြစ်သဖြင့် စွမ်းရည်ပြပွဲကြီးကို ပြုလုပ်သောအခါ၌ တစ်ခုခုသော မိမိတို့ အထူးအချွန်တတ်သော အတတ်ဖြင့် ယှဉ်ပြိုင်ပြသကြရန် မင်းသားမင်းသမီးများ၊ သူဌေးသူကြွယ် သားသမီးများ၊ အသည်သားများတို့သည် အားခဲကာရှိနေကြ၏။

အသည်သား ငနောက်စံသည်ကား သပြေပင်ရိပ်ကြီးတွင် တစ်ယောက်တည်းထိုင်လျက် "ပညာချင်းပြိုင်ရမှာကိုဖြင့် တစ်မိုးအောက်တွင် တစ်ယောက်ဗိုလ်မထား၊ ငါ့အင်အားကို ပြဝံ့ပါတယ်၊ ဒါပေမဲ့ ငါ အသည်သားဆိုတော့ ထူးမခြားနားတော့ပါဘူးလေ။ အိမ်ပြန်ပြီး တောင်ယာခုတ်ဖို့သာ ရှိပါတော့တယ်" ဟု စဉ်းစားကာနေလေ၏။

မိတ္ထိလာပြည့်ရှင် ဘုရင်မင်းမြတ်၏ သမီးတော် မြနန်းရည်သည်ကား သာမညသော မင်းသမီးမဟုတ်၊ မင်းသမီးငါးဆယ်တွင် ထိပ်တန်း

mgyoe.com

mgyoe.com


က ပညာအရာ၌ ထင်ပေါ်၏။ အလှအရာ၌လည်း သရဖူဖြစ်၏။ အင်္ဂဝိဇ္ဇာ အရာ၌လည်း မယှဉ်သာဖြစ်၏။ စာပေကျမ်းဂန်၌လည်း ပြိုင်ဘက်ကင်းမဲ့သကဲ့သို့ ဖြစ်၏။

သို့သော် သစ်ဆင်းရာသီ တစ်နေ့သောအချိန်၌ 'လောက အဆိုးဆုံး ဓားပြဗိုလ်ကြီးကား အသူနည်း' ဟူသော ပြဿနာကို တပည့်ခုနစ်ရာ အလယ်၌ ထင်ရှားစေသောအခါ တပည့်များသည် အကြောင်းအကျိုး ညီညီညွတ်ညွတ်နှင့် မဖြေနိုင်ကြသဖြင့် မြနန်းရည်သည် ဆရာကို ရှိခိုးကာ ဦးတိုက်ပြီးလျှင် တပည့်ခုနစ်ရာအလယ်တွင် ဤသို့လျှင် ရဲရင့်စွာ ဖြေလေ၏။

"လောက၌ သူခိုးဓားပြတို့ကို လူတို့သည် အရမ်းပဲ မုန်းကြ၏။ ဤကား မှား၏။ အကြင်လောက၌ မိမိကိုယ်ကိုမိမိ ပူလောင်စေသည်။ လောကတွင်း၌ မှီတင်းနေသော သတ္တဝါတို့ကိုလည်း ပူလောင်စေလေသည်။ အကြောင်းသော်ကား သူတစ်ယောက်သည် စီးပွားကို ဖြစ်ထွန်းစေ၍ ဓိမ်ယစ်သည်နှင့်အမျှ တစ်ပါးသူတို့သည် ဆင်းရဲဒုက္ခ တွေ့ကြရသည်။ ထိုဓိမ်သမားကို ဆုံးမကဲမြစ်၊ တရားစွဲဆိုဖို့သူ ကင်းမဲ့သကဲ့သို့ ဖြစ်ရ၏။ ထိုဓိမ်သမားကို၊ ထိုဓိမ်သမား၏အပြစ်ကို မည်သူသည် ဆုံးမကဲမြစ်နိုင်အံ့နည်း။ ဟော... စဉ်းစားစရာ ပေါ်လာပြီ။ ထိုဓိမ်သမားကို ဆုံးမကဲမြစ်အံ့သောသူသည် သူခိုးနှင့် ဓားပြတည်း။ ထို့ကြောင့် သူခိုးနှင့် ဓားပြကင်း၍ တိုင်းပြည်မြို့ရွာသည် မတည်ချေ။

အကြောင်းသော်ကား ဓိမ်သမားသည် စီးပွားပစ္စည်းကို ပြန့်ပြောစေ၍ သူဌေးသူကြွယ် ပြုလုပ်နေ၏။ သူခိုးနှင့်ဓားပြသည် ဓိမ်သမား၏ ပစ္စည်းကိုယူ၍ တိုင်းပြည်၌ ပျံ့နှံ့စေ၏။ ထိုသို့ ပျံ့နှံ့မှုဖြင့် တိုင်းပြည်မှာ ငွေကြေးရွှင်ပျလာရ၏။

ထိုသဘောအရ သူခိုးဓားပြတို့တွင် စည်းကမ်းဥပဒေ ရှိထားရ

mgyoe.com

mgyoe.com


သည်။ ထိုစည်းကမ်းဥပဒေကား ပစ္စည်းရှင်ကို မညှဉ်းဆဲရ၊ ကိုယ်၌ ဝတ်ဆင်ထားသော ပစ္စည်းကို မယူရ။ ပစ္စည်းရှင် ဆင်းရဲသွားအောင် မယူရ။ ရှိပစ္စည်း၏ လေးပုံတစ်ပုံကိုသာ ယူရမည်။ အိမ်ရှင်အမျိုးသမီး များကို မစော်ကားရ။ သက်ကြီးဝါကြီး အိမ်ရှင်များကို မလေးမစားမပြုရ။

ထိုသို့သော စည်းကမ်းဥပဒေကို မလေးစားဘဲ ခိုးဝှက်တိုက်ခိုက် လုယက်သော ဓားပြများသည် ဆိုး၍ ထိုဓားပြများ၏ ဗိုလ်များသည် သာ၍ဆိုး၏။ ထိုဗိုလ်များ၏ ဗိုလ်ချုပ်ကြီးသည်ကား အဆိုးဆုံးတည်း"

ထိုသို့ မြနန်းရည် ဖြေဆိုသည်ကို များစွာသော တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားတို့သည် လက်ခုပ်တီးကာ တမာဝှဲချီး ပြုကြကုန်၏။

တောတွင်းသား အသည်မျိုး ငနောက်စံကား ထတည့်၍ 'မှား သည်' ဟု အော်၏။

တက္ကသိုလ်ဆရာကြီးကား 'ဟယ်... ငနောက်စံ၊ မှားလျှင် အမှန်ကို ဖြေလော့' ဟုဆို၏။

ငနောက်စံလည်း ဆရာကြီးကို ဦးတိုက်၍ 'မူလဖြေဆိုသော အရှင် က အခွင့်ပြုလျှင် ဖြေပါအံ့' ဟု ဆို၏။

မြနန်းရည်ကား ပြုံး၍ 'အခွင့်ပြုပါတယ်၊ ဖြေပါရှင်' ဟု ပီပြင်စွာ ပြောလေ၏။

ငနောက်စံ ဖြေပြီ။

"ဤပြဿနာ၌ သူခိုးကိုမမေး၊ ၎င်းနှင့် ဆက်သွယ်ဆက်စပ်၍ လည်း မမေး၊ ဓားပြနှင့်ဆက်စပ်၍ မေးချေသည်။ ဓားပြဟူသော ဝေါဟာ ရကား 'ဓားရာပြ' ဟူသော စကားက ဆင်းသက်၍လာပါသည်။ ထို အဓိပ္ပာယ်အနက်ကား ဓားရာကို အပြခိုင်း၍ ခြိမ်းခြောက်မောင်းမဲပြီးသော် လုယူခြင်း၊ တောင်းယူခြင်းပင် ဖြစ်ပါသည်။ ၎င်းက ဆင်းသက်၍ လူစု

mgyoe.com

mgyoe.com


လူဝေးနှင့် တစ်နည်းအားတုံအားဖြင့် နှစ်ကျိပ်ထက်မများသော လူစုဖြင့် ထင်ထင်ရှားရှား ခြိမ်းခြောက်မောင်းမဲလျက် တောင်းယူခြင်းဖြစ်ပါသည်။ ၎င်းကို ဓားပြဟု ခေါ်ဆိုကြသည်။ ထိုဓားပြတို့မှာ ဗိုလ်ရှိပါသည်။ ထို ဗိုလ်တို့အချုပ်ကို ဗိုလ်ချုပ်ဟု ခေါ်ပါသည်။ သို့ရာတွင် ထိုဗိုလ်၊ ဗိုလ်ချုပ်တို့ကား မင်းဘေးမင်းဒဏ်ကြောင့် လျှို့ဝှက်ကာနေရခြင်းကြောင့် လောကဝယ် မဆိုးပါ။

ထိုသို့အလားတူ တိုင်းပြည်မှာ တိုင်းသူပြည်သားတို့ မနှစ်သက်ဘဲ၊ တိုင်းသူပြည်သားတို့ သဘောမတူဘဲ အခဝန်တော် အခွန်တော်ဟူ၍ တိုင်းသူပြည်သားများထံမှာ အတင်းတောင်းယူပါသည်။ ထိုတောင်းယူသောသူတို့သည် ဓားပြနှင့် ဓားပြဗိုလ်များ ဖြစ်ပါသည်။ ထိုဗိုလ်တို့၏ အချုပ်သည် ဓားပြဗိုလ်ချုပ်ကြီး ဖြစ်ပါသည်။ ထိုဗိုလ်ချုပ်ကား ရှင်ဘုရင် ဖြစ်တော့သတည်း။

ထို့ကြောင့် တိုင်းသူပြည်သားတို့ သဘောမတူသော အခွန်တော်ကို အာဏာနှင့်တောင်းယူသော ရှင်ဘုရင်သည် ဓားပြဗိုလ်ချုပ်ကြီး ဖြစ်ပါသတည်း။

သဘာသည် 'ဟယ်' ဟူ၍ ဖြစ်လေ၏။

မြနန်းရည်ကား အလွန်သဘောကျ၍ 'အစ်ကိုဖြေဆိုချက်ကို မြနန်းရည် သဘောကျပါတယ်။ နန်းရည်ဖြေတာထက် သဘာဝကျပါတယ်။ နန်းရည်လည်းလေ အစ်ကိုတော် မောင်တော်မရှိတော့ ထီးနန်းအုပ်ချုပ်ရမယ့် ဘုရင်မလောင်းတစ်ဦးပါ။ နန်းရည် ဘုရင်မ ဖြစ်ရင်လေ တိုင်းပြည်သဘောကျ တိုင်းပြည်ကဆက်သတဲ့ အခွန်တော်ကိုယူပြီး တရားမင်းအဖြစ်နှင့် အုပ်ချုပ်ပါ့မယ်၊ အာဏာရှင်မဆိုတာကို သည်အချိန်ကစပြီး စက်ဆုပ်ပါမယ်' ဟု ခုနစ်ရာသော တပည့်တို့၏ အလယ်တွင် ရဲရဲတောက် ပြောဆိုလေ၏။ သဘာလည်း ဩဘာအထူးပေးလေ၏။

mgyoe.com

mgyoe.com


ထိုသို့တွေ့ကြုံခဲ့သော မြနန်းရည်သည် ‘ငါသည် တက္ကသိုလ်ပြည်တော်က ပျော်ပျော်ကြီးပြန်ရမည့်အချိန် မည်သို့သောပညာနှင့် လူရည်ပြပွဲသို့ ဝင်ရအံ့နည်း’ ဟု တွေးဆကာ သာယာသော ဥတုရာသီ၏ အရသာကိုမြိန်လျက် လမ်းလျှောက်လာရာ သပြေပင်ရိပ်တွင် ငနောက်စံကိုတွေ့၍ ယဉ်ကျေးစွာ နှုတ်ဆက်ပြီးသော် ဤသို့ ပြောဆိုနေလေ၏။

‘အစ်ကို လူရည်ပြပွဲ၌ မည်သို့သောအတတ်ကို ပြပါမည်လဲ’

‘ထိပ်ထား၊ ကျေးတော်မျိုး ကျွန်တော်၌ မည်သို့သောအတတ်ကို ပြခြင်းဖြင့် အကျိုးသက်ပါအံ့နည်း’

‘အလိုလေး... ကျေးတော်မျိုးတွေ လုပ်နေလိုက်တာ’

ဟု တွေးတော၍ ‘အစ်ကိုရယ် ဘယ့်နှယ် အကျိုးမသက်ရောက်ဘဲ ရှိပါမလဲ’ ဟု ပြုံးကာဆိုလေ၏။

‘ထိပ်ထားတို့တော့...’

‘အို... ထိပ်ထားတွေ လုပ်မနေပါနဲ့အစ်ကိုရယ်၊ တက္ကသိုလ်မှာ ထိပ်ထားမရှိပါဘူး။ ကျောင်းတော်သား သူငယ်ချင်းချည်းပါပဲ’

‘ဟုတ်ရိုးလား ထိပ်ထား’

‘ထိပ်ထားလို့ဆိုတာလေ၊ မိမိကလေးကို သက်သက်နှိမ့်ချတာ၊ ရှေ့တစ်လှမ်းတိုးတော့ စော်ကားရာ၊ ရှေ့တစ်လှမ်းတိုးတော့ နာကြည်းစွာ ဆဲရာ ရောက်နိုင်ပါတယ်။ ထိပ်ထားဆိုတဲ့ စကားကလေးကို မိမိကလေး အား သနားပြီး ရပ်ပါအစ်ကိုရယ်...’

‘ဟုတ်ရိုးလား၊ လောက၌ မင်းမျိုးသည် မင်းမျိုးတည်း၊ အသည်မျိုးသည် အသည်မျိုးတည်း။ သူဌေးသူကြွယ်မျိုးသည် သူဌေးသူကြွယ်မျိုးတည်း စသည်ဖြင့် ရှိတော့သည်။ ၎င်းတို့သည် အမျိုးအားဖြင့် ပဋိသန္ဓေနေရကတည်းက မတူချေ။ မင်းမျိုးတို့၌ များသောအားဖြင့် လိုချင်ရမ္မက်ဖြင့် ပစ္စည်းရှာလျက် ပဋိသန္ဓေကို မစောင့်ရှောက်၊ ကြောက်ရွံ့ထိတ်လန့်

mgyoe.com

mgyoe.com


လျက် ပဋိသန္ဓေကို မစောင့်ရှောက်၊ ငါ မင်းတည်း၊ ငါ အစိုးရတည်း ဟူသော သဘောနှင့် ပဋိသန္ဓေကို စောင့်ရှောက်ခြင်းဖြင့် ထိုသည့် သားကို မွေး၏။ ထိုသားသည် ဇာတိအားဖြင့် အသည်သားတို့နှင့် ခြားနားလျက် ရှိ၏။ ထို့ကြောင့် ကျွန်တော်သည် ထိပ်ထားကြောင့် ထိပ်ထားဟု ပီသပါသည်ကို ရပ်တန့်ရပါမူ တိုင်းသူပြည်သားဂုဏ်၊ တိုင်းကြီးပြည်သားဂုဏ် မှကင်းသော တောတွင်းသားသာလျှင် ဖြစ်ရတော့မည်မှန်၍ တက္ကသိုလ် ကျောင်းတော်၌ အတတ်သင်ရသောဂုဏ်သည် ကျွန်တော်၌ အသို့လျှင် တည်ပါတော့အံ့နည်း'

'အစ်ကို၊ အစ်ကို့စကားသည် ချောင်၏၊ လေးနက်၏၊ သာယာ နာပျော်ဖွယ်ဖြစ်၏။ သို့သော် မမှန်၊ လောက၌ မင်းမျိုး၊ သူဌေးမျိုး၊ ကုန်သည်လယ်လုပ်မျိုး၊ သူဆင်းရဲမျိုး၊ ပုရောဟိတ်မျိုးတို့ ရှိသည်ကား ဖောက်ပြန်သော သဘောအားဖြင့် မှန်၏။ တည်သော၊ မဖောက်ပြန်သော သဘောအားဖြင့်ကား မှား၏'

ထိုသို့ပြောဆို၍ မြနန်းရည်သည် ငနောက်စံကို ငေးစိုက်ကာ ကြည့်နေ၏။

'ထိပ်ထား'

'ဟော... ခေါ်ပြန်ပြီ။ နောက်ထပ် ခေါ်ရင်နော်၊ နန်းရည် မခံဘူး၊ အစ်ကို့ကို အပြစ်ဒဏ်ပြုရမှာပဲ'

'အလို... ဘယ်လိုအပြစ်ဒဏ်...'

'နန်းရည်ဟာ ငိုမှာပဲ၊ မရပ်မနားဘဲ ငိုမှာပဲ။ မိမိတို့၊ နှမတော် မိမိတို့၊ နှမကလေးတို့ ခေါ်စရာ အပုံကြီးပါလား အစ်ကိုရယ်'

'မဝံ့လို့ တွန့်ပါတယ်၊ ရှုံ့စရာကို မကြားရပါစေနှင့်'

'ခက်တယ်၊ တကယ်ခက်တယ်။ လူမှာအမျိုး ကြက်မှာအရိုးတဲ့။ လူမှာအမျိုးဆိုတာဟာ ဘာလဲသိရဲ့လား အစ်ကို...'

mgyoe.com

mgyoe.com


'မိန့်တော်မူ'

'ဟော... ပြောပြလို့ဆိုပါ အစ်ကိုရယ်၊ တက္ကသိုလ်မှာ မင်းသမီး မရှိ၊ ပညာသင်သားသာ ရှိပါတယ်...'

'ပြော... တော်... မူ...'

'နန်းရည် ဘယ်လိုလုပ်ပြောရမှာလဲ၊ ကိုင်း စဉ်းစားပါ အစ်ကိုရယ် လူမှာအမျိုးဆိုတာဟာ...'

'ဟော ထိပ်ထားသခင်မကလေး ဘယ်သွားတော်မူပါလိမ့်မလဲလို့ သည်မှာကိုး...၊ ကျွန်တော်မျိုးတို့ ရှာလိုက်ရတာ ခြေပွတ်တိုင် လည် မတတ်'ဟု ကျွန်ယုံတော် ငဆိုးနှင့် ငမိုးတို့သည် ရောက်လာကာ ၎င်းတို့၏ ထိပ်ထားသခင်မကို တင်ကြလေ၏။

'မောင်မင်းများ'

'ဘုရား'

'တော်ရာပါးက ခစားနေနော်'

'မှန်လှပါ'

'မကြားစေချင်တဲ့ စကားကိုလည်း မကြားမှ ကျေးကျွန်ကောင်းမည် သတဲ့'

'မှန်လှပါ'

'မသိစေချင်တဲ့အကြောင်းကိုလည်း မသိဘဲနေမှ ကျေးကျွန် ကောင်းမည်သတဲ့ မောင်မင်းများ'

'မှန်လှပါဘုရား'

'ဟောတက္ကသိုလ်မှာ မင်းသမီးရှိနေပြီ။ ကျေးကျွန်တွေလည်း ရှိနေ ပြီ'

'သြော် ခက်တဲ့လူပဲ၊ ဘယ်လိုလူပါလိမ့်၊ ငါ မလှလို့လား၊ ချစ်စရာ မကောင်းလို့လား၊ မောင်မင်းများ'

mgyoe.com

mgyoe.com


'ဘုရား'

'ကြေးမုံပြင်များ မပါဘူးလား'

'ခက်တယ်... ခက်တယ် မင်းသားတစ်ပါးက...'

'ဘယ်က မင်းသားတစ်ပါး၊ တက္ကသိုလ်မှာ ဘယ်ကမင်းသား ရှိလာပြန်သလဲ'

'အစ်ကို၊ အစ်ကို့ကို ထင်တာမဟုတ်၊ အစ်ကိုနှင့်မဆိုင်၊ ပေးစမ်းပါ ကြေးမုံပြင်၊ နန်းရည် စကားဆက်ဦးမနော်။ လူမှာအမျိုးဆိုတာဟာ အကျင့်ကိုခေါ်တယ် အစ်ကိုရယ်၊ မင်းပင် ဖြစ်လင့်ကစား ကေရာဇ်ပင် ဖြစ်လင့်ကစား ကုန်သည်ကဲ့သို့ကျင့်က ကုန်သည်၊ လယ်သမားကဲ့သို့ ကျင့်က လယ်သမား၊ သူဆင်းရဲကဲ့သို့ကျင့်က သူဆင်းရဲ၊ ဆတ္တာသည် ကဲ့သို့ကျင့်က ဆတ္တာသည်၊ သူဆင်းရဲ ထုံးတမ်း ပခုံးထမ်းကူလီပင် ဖြစ်လင့်ကစား မင်းရဲ့ အကျင့်ကိုကျင့်က မင်း၊ ကေရာဇ်ရဲ့အကျင့်ကို ကျင့်က ကေရာဇ်တဲ့ အစ်ကိုရယ်'

ငနောက်စံကား စဉ်းစား၍ 'မိန့်တော်မူပါဦး' ဟု ဆိုလေ၏။

'ဆင်းရဲသားရဲ့ အကျင့်ကိုပဲ နန်းရည် ဆိုမယ်နော်။ အစ်ကိုလည်း နန်းရည်သိမှာပဲ။ စကားတွေ သိပ်များတော့ အချိန်ကုန်တယ်၊ ဆင်းရဲသားဆိုတာ ငွေငတ်တယ်၊ ဂုဏ်ငတ်တယ်၊ ပကာသန လိုလားတယ်၊ စဉ်းလဲတယ်၊ ကောက်ကျစ်တယ်၊ ငမ်းငမ်းတငင် ဝတ်ချင်စားချင်တယ်၊ အာဏာလိုတယ်၊ ဆရာစားလိုတယ်၊ အသိအတတ် လုပ်တယ်၊ ဘာမှလည်း မတတ်ဘူး၊ အဲဒီလိုစိတ်ထားရှိတဲ့ မင်းဟာ ဆင်းရဲသားပဲ။ 'အဲဒါကြောင့် ဆင်းရဲသား မင်းဖြစ်တော့ ပြည်ပူလို့ချစ်သတဲ့' သည်ဆင်းရဲသားတွေဟာ သည်လိုသဘော ရှိနေတော့ တစ်ဦးနှင့်တစ်ဦး လုနေလို့ သူတို့အပေါ်က ဖျန်ဖြေဖို့ မင်းရှိတယ် အစ်ကိုရယ်။ အဲသည် မင်းသားဟာ ဆင်းရဲသားလို စိတ်ရှိတော့ ဆင်းရဲသားလို ဝါဒရှိတော့ တိုင်းပြည်ကြီးမှာ

mgyoe.com

mgyoe.com


အမြဲမီးလောင်နေပြီး ချစ်ကျွမ်းရသတဲ့ အစ်ကိုရယ်။ အဲသည်လို စိတ်နေသဘောထားဟာလည်း အမျိုးလိုက်ပြီး ဖြစ်တတ်ပါသတဲ့'

'မင်းသမီး ပီသပါပေ့'

'အစ်ကို နန်းရည်ဟာ မင်းသမီး ပီသတယ်နော်'

'ဆက်ပါဦးဗျာ'

'သူဆင်းရဲထုံးတမ်း ပခုံးထမ်းပင် ဖြစ်လင့်ကစား ငါဘာကြောင့် ပခုံးထမ်းပြီး ကူလီလုပ်သလဲ။ တိုင်းပြည်အကျိုး၊ လူတွေအကျိုး မင်းဆိုတာကော တိုင်းပြည်အကျိုး၊ ဒါဖြင့် တိုင်းပြည်အကျိုး၊ လူတွေအကျိုးကိုလုပ်တာဟာ မင်းကျင့်ကျင့်ရာရောက်တယ် မဟုတ်လားအစ်ကို။ ဒါကြောင့် မ+အင်း= မင်းတဲ့ အစ်ကို'

'တက္ကသိုလ်မှာ မင်းသမီးရှိပါတယ်။ မင်းသမီးကို တကယ်ပဲ တွေ့ရတော့ ဆက်ပါဦး ထိပ်ထား...'

'ဟော ပြစ်ဒဏ်ပေးမယ်နော်'

'ကျွန်တော်မျိုးတို့ မကြားဘူး၊ မိန့်သာမိန့်'

'ဒါကြောင့် နန်းရည်တို့ နေမျိုးမှာ တစ်ယောက်နှင့်တစ်ယောက် စကားပြောတော့ 'မင်း' တို့ 'မင်းကကွယ်' 'မင်းကနော်' လို့ စကားပြောတယ်အစ်ကို။ အဲသည်လို မင်းကျင့်ကျင့်တဲ့လူဟာ စကားနည်းတယ်၊ ဣန္ဒြေရှိတယ်၊ ပီပြင်လေးနက်တယ်၊ ပရိသတ် ဆံ့တယ်၊ သဘင်ပြို့တယ်၊ လူလုံးလူဖန် ထွားကျိုင်းတယ်၊ ဆင်စီး မြင်းစီး၊ ကာက၊ လေးမြားအတတ်ဆိုတဲ့ ယောက်ျားတို့ တတ်အပ်တဲ့အတတ်ကို တတ်တယ်။ ရှိလာရင်၊ ပြည့်စုံလာရင် ဧကရာဇ်အကျင့်ကို ကျင့်နေရာရောက်တယ် အစ်ကို။ အစ်ကိုဟာ ဘာလဲ၊ သူဆင်းရဲလား၊ မင်းလား၊ သူဆင်းရဲမျိုးလား မင်းမျိုးလား လောကသဘာဝမှာ သူဆင်းရဲမရှိ၊ မင်းမရှိ။ သဘောသာလျှင် ရှိတယ်အစ်ကို'

mgyoe.com

mgyoe.com


ငနောက်စံသည် စဉ်းစားကာ တွေနေ၏။

'အစ်ကိုဟာ တက္ကသိုလ်ပြည်က ပြန်သွားတော့ မိဘနှစ်ပါးက ကြင်ရာအသင့်ထားကာ စောင့်စားနေမှာလား အစ်ကို...'

ငနောက်စံကား ဘာမျှ စကားမဆိုဘဲ ခေါင်းခါ၍သာနေ၏။

တက္ကသိုလ်ပြည်ကြီး၌ လူရည်ပြပွဲကြီးကို အသီးသီးပြကြ၍ နောက်ဆုံးနေ့၌ တက္ကသိုလ်ဆရာကြီးသည် ငနောက်စံကိုခေါ်၍ 'တပည့်ချစ်၊ သင်ကား မည်သည့်အတတ်ကိုမျှမပြ၊ လျှို့လျှက်နေ၏ သင်မတတ်သလော' ဟု မေး၏။

'မြတ်ဆရာ၊ တပည့်ငစံကား ဂုဏ်ကိုမလို၊ ပကာသနကိုမလို၊ ချီးမြှင့်မြှောက်စားသည်ကိုလည်း မလို၊ ဆရာတော်နှင့်တကွ အများက မြင်လိုက အတတ်ကို ပြပါအံ့'

'ပြလော့ တပည့်'

'လေးသည်တော် ငါးကျိပ်ကိုပြင်၍ အသင့်စောင့်နေပါစေ၊ ဆင်ဆိုးတစ်စီးကို လွှတ်ပါလော့' ဟု ဆို၏။

ဆရာကြီးသည် ငနောက်စံဆိုတိုင်း ဆင်ဆိုးတစ်စီးကိုလွှတ်ရာ ငနောက်စံသည် လက်တစ်ဖက်က ကာ၊ လက်တစ်ဖက်က လှံကိုကိုင်ကာ ထောက်၍ ဆင်ပေါ်သို့ လွှားခနဲ တက်ရောက်သွားပြီးလျှင် မတ်တတ်ရပ်လျက် 'လေးသည်များ လေးကိုလွှတ်လော့' ဟု အော်၏။

လေးသည်တို့လည်း လေးကိုလွှတ်ကြ၏။ ငနောက်စံလည်း ဆင်ပေါ်မှရပ်လျှက် ကာက၍ မြားတို့ကိုခံရာ မြားတို့သည် ပစ်သူထံသို့သာ ပြန်ကြသဖြင့် လေးသည်တော်တို့သည် ရပ်ကြရ၏။ ဆင်ကြီးကား ငနောက်စံ အလိုအတိုင်း ပါရလေ၏။

တပည့်အပေါင်းတို့အား ကောင်းချီးသြဘာ ပေးကြ၍ မြနန်းရည်သည် ငနောက်စံအား ချွေးသုတ်ပေး၏။

mgyoe.com

mgyoe.com


ထို့နောက် ငနောက်စံသည် မြင်းကို အထွေထွေစီးပြကာ အရေးပြပြီးနောက် 'မြင်းပေါ်မှ လူတစ်ယောက်၏ ထိပ်ပေါ်၌တင်ထားသော သံပရာသီးကို လှံနှင့်ထိုးယူကာပြမည်၊ မည်သူ့နဖူးပေါ်တွင် သံပရာသီးကို တင်ထားဝံ့ပါသနည်း' ဟု မေး၏။

တပည့်ပေါင်းများစွာသည် ထိတ်၍နေကြ၏။ ထိုအခါ မြနန်းရည်သည် ထွက်လာပြီးသော် ပဝါကို ရင်တွင်စည်း၍ 'နန်းရည် ဝံ့ပါတယ်' ဟု ထွက်လာ၏။

'ထိပ်ထား'

မြနန်းရည်ကား မျက်စောင်းနှင့် ချစ်စလိလိဖြင့် ကြည့်၏။

'မျက်စိမှိတ်ထားပါနော်'

'ဘာကြောင့်တုန်း အစ်ကို'

'ကြောက်လို့၊ ရွံ့လို့၊ တွန့်လို့ တိမ်းလိုက်ရင်၊ လှုပ်လိုက်ရင် နဖူးတော်ကို လှံခပါလိမ့်မယ်'

'ဩော်... သည်လိုလား၊ မိတ္ထီလာပြည်ကြီးရဲ့ စည်ထီးခရိုင် နိုင်ငံတော်ကြီးကို ဘုရင်လုပ်ကာ အုပ်ချုပ်မယ့် မြနန်းရည်ဆိုရင်လည်း ဟုတ်တယ်၊ ဧကရာဇ် မိဖုရားလောင်းဆိုရင်လည်း ဟုတ်တယ်။ သည်တော့ ဘာမို့မို့ ကြောက်ရမလဲ၊ ရွံ့ရမလဲ၊ တွန့်ရမလဲ။ မိန်းမကဲတင်ကာ၊ မျက်စိဖွင့်ကြည့်ပြီး ရဲရဲကြီးဆင်ပြမယ်'

မြနန်းရည်သည် နဖူးပေါ်တွင် သံပရာသီးကိုတင်ကာ မြင်းစိုင်းလာသော ငနောက်စံကို ရဲရဲရင့်ရင့် ကြည့်နေသည်တွင် ငနောက်စံသည် 'ဆတ်ခနဲ' သံပုရာသီးကို လှံနှင့်ထိုးယူကာသွားလေ၏။

ပရိသတ်တို့သည် ပွဲတင်ဟည်းအောင် ဩဘာပေးကြလေ၏။

ဤကဲ့သို့ ခုနစ်ကြိမ်ပြ၏။

* * *

mgyoe.com

mgyoe.com


ယောက်ျားကောင်းကို တောင့်တလိုနေသော မြနန်းရည်သည် ငနောက်စံကို နှလုံးအိမ်ထဲ၌ အမြဲထည့်နေတော့ပြီ၊ ဤသို့လည်း တွေးဆ၏ ။

သူဟာ စေတုတ္တရာပြည်မှ တောတွင်းသား၊ ငါဟာ မိတ္ထီလာပြည့်ရှင် ဘုရင်၏သမီးတော်၊ ငါ့မှာ ကျွန်ယုံတော်များနှင့် အပါးမှာရံလို့၊ ငါ့ထံ သူလာဝံ့ပါမလား၊ ငါခေါ်လို့ကော လာပါ့မလား။ ဝေးစွ၊ ဒါဖြင့် ငါ လက်လွှတ်ထားခဲ့ရမလား။ အလိုလေး၊ မနောမယိဒ္ဓိ ပတ္တမြား ထားခဲ့ရက်ပေါင်။

ဒါဖြင့် ငါ ဘယ့်နှယ်လုပ်မလဲ၊ သူ့ထံ ငါသွားရမလား၊ ခက်တယ်နော်၊ ရှက်စရာ၊ မတော်ပါဘူးလေ၊ တော်တယ်လေ။

'ကိုဆိုးတို့၊ ကိုမိုးတို့'

'ဘုရား'

'အနားတိုးပြီး ခစားစမ်းပါဦး၊ အလကား ကပွဲတွေကိုပဲ သွားသွားကြည့်နေတာကိုး'

'မဖုရားရယ် ဟိုသက်သာပြည်က မြစိမ်းရောင်မင်းသမီးဟာ တစ်ပင်တိုင်အက သိပ်ကောင်းတယ်ဘုရား၊ သလ္လာဝတီပြည်က လှလှရည်မင်းသမီးဟာ သီချင်းဆို အင်မတန်ကောင်းတယ်ဘုရား၊ မင်းသမီးတွေနှစ်ဆယ်လောက် ဘိုးသူတော်ယိမ်းလုပ်ပြီး ကတာကလည်း သိပ်ကောင်းတယ်ဘုရား။ ပြည်တော်သို့ ပြန်ခါနီးကျလို့ ကပွဲနှင့် ကန်တော့နေကြတာကြည့်ကောင်းလွန်းလို့ပါဘုရား'

'မောင်မင်းများ သိပ်ညံ့တာကိုး'

'မညံ့ပါဘုရား မင်းသမီးများရဲ့ ရုပ်ပုံတော်တွေကို ပုံတူရေးပြီး ယူထားပြီးပါဘုရား'

'ခက်သနော် ဘာမှမသိဘဲကိုး'

mgyoe.com

mgyoe.com


'အမိန့်တော်မြတ် မှတ်ပါဘုရား'

'ထံတော်ပါး တိုးပြီးခစားပါ'

'ရောက်ပါဘုရား'

'မောင်မင်းတို့က ပွဲတွေကိုမမက်နှင့်၊ မစွဲနှင့်၊ အဲသည် ကပွဲတွေကို မောင်ဘုရား နောက်စံများ ကြည့်တာကိုမြင်သလား'

'မမြင်ပါဘုရား'

'မှတ်ထား... လောကကိုဖျက်ဆီးတာဟာ သေရည်ကြူးခြင်းတဲ့၊ အန်ကစားကြူးခြင်းတဲ့ (ဖဲရိုက်တာလည်း ပါတယ်နော်) ပွဲလမ်းသဘင် အပျော်အပါးကြူးခြင်းတဲ့ မှတ်ထား'

'ဒါနှင့်ပဲ တက္ကသိုလ်ကျောင်းတော်က သည်အတတ်တွေကို အလွန်အကြူး ဘာကြောင့်သင်ပါလိမ့်'

'တယ်လည်း အသကိုး၊ စားတဲ့အစာများဟာ ဉာဏ်ကလေးများ ဖြစ်ပါစေဦး'

'မိန့်တော်မူပါဦးဘုရား'

'သုနာပရန္တတိုင်း ဘုရင်မင်းမြတ်ဟာ မြရဲ့ ဦးရီးတော်၊ အင်မတန် ဉာဏ်ကျယ်တယ်'

'မိန့်တော်မူပါ'

'သူ့တိုင်းတော်မှာ တက္ကသိုလ်မြို့တော်ကြီးကိုတည်၊ တိုင်းအစုံ့စုံ့ ပြည်အယို့ယို့ မြို့အတန်တန်တို့က ပညာရင်နို့ကို သောက်စို့ဖို့ လာကြ ရော၊ အဲသည်တော့ တစ်ပြည်နှင့်တစ်ပြည်၊ တစ်မြို့နှင့်တစ်မြို့ ရောနှော ပေါင်းသင်းခြင်းဆိုပြီး မင်းသားတွေ၊ မင်းသမီးတွေ၊ သူဌေးသူကြွယ် သားသမီးတွေ၊ အသည်သားသမီးတွေကို သေရည်နှင့်ကူးလူးပြီး မြူးတဲ့ အတတ်၊ အန်ကစားခြင်းဆိုတဲ့ လောင်းကစားမှုအတတ်တို့ကို ဝါသနာ ထုံစွဲစေတဲ့အပြင် ကပွဲ၊ သီပွဲ၊ အဆိုပွဲ အမျိုးမျိုးတို့နှင့် လူလေစေတဲ့

mgyoe.com

mgyoe.com


အတတ်အမျိုးမျိုးကိုလည်း ထုံစွဲစေတယ်'

'သြော်... သည်လိုကိုး'

'ထမင်းစားပြီး မောင်မင်းများ သိပ်ညည့်တာပဲ'

'မိန့်ပါဦးဘုရား၊ မမလိုမှ ကျွန်များမှာ ဉာဏ်မရှိဘဲကိုး'

'အဲသည်လို ဝါသနာထုံစွဲနေကြတော့ ကိုယ့်တိုင်းကိုယ့်ပြည် ပြန်ရောက်တော့ သည်လိုပဲ ပြုကျင့်ကြရော၊ ပြည်အစိုးစိုးကလည်း တက္ကသိုလ်မြို့ကြီးက ပညာမျိုး ဒိုးကဲ့သို့မွေ့ပြီး တတ်လာတဲ့လူတွေရဲ့ အကျင့်ဆိုပြီး အတုယူကာ လိုက်စားကြတော့ တိုင်းပြည်အသီးသီးမှာ သေရည်တွေကလည်း ဝေလို့၊ လောင်းကစားတွေကလည်း တဝဲဝဲပေါ့။ မုံသံပတ်သံတညည်နှင့် ကပွဲတွေ၊ ကိလေသာကို ထကြွသောင်းကျန်းစေတဲ့ ပွဲလမ်းသဘင်တွေကလည်း တရှင်ရှင်နှင့် လေလွင့်နေကြတော့ တိုင်းပြည်အသီးသီးဟာ တိုင်းပြည်အင်အားဆိုတဲ့ အလုပ်အကိုင်တွေဟာ ညှံ့ဖျင်းဆုတ်ယုတ်၊ ပျက်စီးလာကြရမယ် မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'အဲသည်အခါမှာ သုနာပရန္တ တိုင်းကြီးမှာတော့ စည်ပင်ထွန်းကားဝပြောသာယာပြီး အလုပ်နှင့်ဂုဏ်ယူနေမယ်။ သည်လို တစ်စစဖြစ်ပျက်နေတော့ အတိုင်းတိုင်းအပြည်ပြည်ဟာ သုနာပရန္တတိုင်းပြည်ကြီးကို ယို့ကြရပြီး သုနာပရန္တတိုင်းပြည်ကြီးဟာ ဘုန်းမီးနေလ ဖြစ်နေရမယ်။ အဲဒါဟာ ဘုရင်နှင့် တက္ကသိုလ်ဆရာကြီးရဲ့ စဉ်းလဲမှုတဲ့ မောင်မင်းများ'

'တည့်တည့်ပြောတော့ သိပါပြီဘုရား'

'မှတ်ထားနော်'

'မှတ်ပါ့မယ်ဘုရား'

'မဖုရားတို့ တိုင်းတော်ပြည်တော်၊ အခြားတိုင်းတော်ပြည်တော်တို့မှာလည်း သုနာပရန္တတိုင်းက ပညာရှိဆိုတဲ့ ကဝိတွေ၊ တိုင်းပြည်ရင်းသား

mgyoe.com

mgyoe.com


တို့အထဲက သူတို့ကိုစွဲမက်ပြီး သူတို့ကို အားကိုးအားထားနေတဲ့ ပညာရှိကဝိတွေဟာ ရောက်နေပြီ။ သူတို့ကလည်း သေရည်နိုင်ငံကြီး၊ ကစားသမားနိုင်ငံကြီး အရှက်အကြောက်ကင်းပတဲ့ နိုင်ငံကြီး၊ အပျော်အပါးကြူးတဲ့ သဘင်နိုင်ငံကြီးဖြစ်အောင် ကြံဆောင်နေကြပြီ။ မဖုရားတော့လေ တိုင်းတော်ပြည်တော်ရောက်တော့ ချက်ချင်း ရှင်းလင်းပစ်မှာပဲ'

'မဖြစ်ဘူး မြန်မြန်ပြေးကြစို့ မဖုရား'

'ဩော် အစ်ကိုပြောတော့ လွယ်ကူတယ်၊ မဖုရားက မိန်းမသား၊ ကျွန်ရင်းတော်တို့ကလည်း တက္ကသိုလ်သို့ ပါလာရပါလျက် အမှုမဲ့ အမှတ်မဲ့နေ၊ ပါရင်းတောင် ကျန်ခဲ့တော့မလို့'

'ဟာ မမကလည်း ပါရင်းတော့ မကျန်ခဲ့ပါဘူး'

'နေဦး အဲသည်တော့ မဖုရားမှာ တိုင်ပင်ဖော် အားကိုးဖော်လိုတယ်'

'ဒါတော့ အခက်သားပဲ၊ ဟုတ်တယ် မမဖုရား'

'အဲသည်တော့ အစ်ကိုဘုရား နောက်စံကို တိုင်းတော်ပြည်တော်သို့ ပါအောင် ပင့်သွားရရင် ကောင်းတယ်နော်...'

'မဖုရား သည်အကြံဟာတော့ ဟန်တယ်။ ကိုနောက်စံဟာ သိပ်ကို ပညာတတ်တယ်။ သူဟာ အသည်သားဆိုပြီး ကျွန်တော်မျိုးတို့နှင့်သာ ရောရောဝင်ဝင်နေတယ်။ ဘယ်မင်းသား၊ ဘယ်မင်းသမီး၊ ဘယ်သူဌေး၊ ဘယ်သူကြွယ်သားသမီးတို့နှင့်မှ အရောမဝင်ဘူး'

'ဩော်... သည်လိုလား'

'သည်လိုပေါ့...'

'ဒါဖြင့် အစ်ကိုဘုရား နောက်စံအကြောင်းကို ကောင်းကောင်းကြီး သိသပေါ့'

'သိတာပေါ့'

'သူဟာ ဘယ်သူ့သားတဲ့လဲ'

mgyoe.com

mgyoe.com


'သူ့အဖေနှင့် အမေဟာ ခံတက်ချဉ်တည်ပြီး စေတုတ္တရာပြည်မှာ ရောင်းစားတော့ ခံတက်ချဉ်မောင်မယ်လို့ အကျော်တဲ့၊ သူလည်း ခံတက်ချဉ်တည်ဖို့ ခံတက်ရွက်ခူးရတာ အမောတဲ့။ တက္ကသိုလ်လာခါ နီးတောင် ခံတက်ရွက်ခူးရတော့ ခံတက်ပင်ပေါ်က လိမ့်ကျတာ ကျွမ်း အတတ်ကို တတ်လို့သာပေါ့တဲ့၊ သို့မဟုတ်လျှင် ပေါင်ကျိုးမှာတဲ့ ကို နောက်စံက ပြောပြတယ်'

'ဪ သူ့မိဘက ခံတက်ချဉ်သည်နော် ခံတက်ချဉ်ရောင်းလို့ ချမ်းသာနိုင်ပါ့မလား၊ သူက မပြောပြဘူးလား'

'ပြပါသော်ကော'

'ပြောစမ်းပါဦး ကိုမိုးရယ်'

'ခံတက်ချဉ်ဟာ တစ်ဆယ့်နှစ်ရာသီတွင် ကိုးရာသီ လူနှင့်တည့်ပြီး ဆေးတဲ့၊ ကျန်တဲ့ သုံးရာသီမှာ ခံတက်ခေါက်၊ ခံတက်မြစ်ဟာ ဆေးတဲ့၊ ကိုယ်တွင်း အေးသတဲ့၊ အေးတဲ့ရာသီမှာ ကိုယ်တွင်းပူသတဲ့၊ သွေးလေ ညီပြီး မှန်သတဲ့။ အဲသည်တော့ သူ့မိဘဟာ တိုင်းပြည်တစ်ပြည်က တိုင်းသူပြည်သားဖြစ်နေတော့ သူတို့ ကြွယ်ဝကောင်းစားဖို့မဟုတ်၊ တိုင်း ပြည်လူမျိုးအကျိုးကို ရှေးရှုပြီး ခံတက်ချဉ် ရောင်းစားသတဲ့...'

'အင်း... ဒါဟာ မင်းသွေးနော်၊ မင်းသွေး ပီသ သနော်၊ အစ်ကို ဘုရား နောက်စံဟာ မင်းသား ပီသ သနော်'

'ဟာ... မမဖုရားကလည်း ခံတက်ချဉ်သည်သားပါ ဆိုမှပဲ'

နန်းရည်ကား ပြုံး၍ 'ကိုမိုး ကိုဆိုးတို့ ဒုံးဝေးသနော်'

'မဝေးလို့ ကိုနောက်စံဟာ ခံတက်ချဉ်သည်သားဆိုတာကို သိရ တာပေါ့'

'ဒါမှမဟုတ်ဘူး ကိုဆိုးရဲ့၊ တိုင်းပြည်လူမျိုးရဲ့ အကျိုးကိုဆောင်တာ မှ မင်း၊ အဲသည်လူ့ သားသမီးမှ မင်းသွေးတဲ့ ကိုမိုးရယ်...'

mgyoe.com

mgyoe.com


'ခုမှ သိတာပါဘုရား၊ သိပေါင်၊ ငဆိုးတို့လည်း မင်းဖြစ်ရအောင် တိုင်းပြည်လူမျိုးတို့ရဲ့ အကျိုးကို ဆောင်ရဦးမယ်...'

'မှတ်ထား၊ မှတ်ထား၊ နင်၊ မင်း၊ ညည်း၊ ကွယ်၊ သင်၊ ကိုယ်တော် အရှင်၊ ကိုယ်တော်အရှင်မြတ်၊ ကိုယ်တော်အရှင်မြတ်ဘုရားဆိုတာ တစ်ပုဒ်တည်း၊ တစ်သဘောတည်းပဲ။ ဒါပေမဲ့ အဓိပ္ပာယ်ချင်း၊ အဓိပ္ပာယ်နက်ချင်း သိပ်ကွဲတယ်'

'မမဖုရားက အစက မပြောဘဲကိုး'

'နားထောင် မှတ်ထား၊ နင် ဆိုတာက နအင် အလို့ နလို့ အင်တင်တင်နှင့် နောက်ကျတဲ့လူကို နင်တဲ့၊ မင်းဆိုတာက မ–အင်း၊ သူတစ်ပါး အကျိုးကို မစရတော့မယ်၊ အင်းလို့ သန္နိဋ္ဌာန်ချပြီး လုပ်ကိုင်ဆောင်ရွက်တဲ့ လူကို မင်းတဲ့။ ကွယ်ဆိုတာက အသိဉာဏ်ကင်းတဲ့ နောက်လိုက်သက် သက်လူစားဟာ ကွယ်တဲ့။ သင်း ဆိုတာက သ–အင်း တသသနှင့် အလုပ်အကိုင်ကျတော့ ပျင်းလို့ အင်တင်တင်နှင့်ပေါ့ အစ်ကိုရယ်။ စောင်းကလေးတီးလိုက်၊ ပတ်သာကလေးတီးလိုက်၊ သီချင်းကလေးညည်းလိုက်နှင့် သည်လိုလူစား တိုင်းပြည်လူပိုတွေဟာ သင်းတဲ့။ ဒါလောက်ပဲ မှတ်ထား။ များတော့ မေ့ကုန်လိမ့်မယ်။ အဲသည်တော့ အစ်ကိုဘုရား နောက်စံဟာ မင်းသွေးမင်းသား မင်းပေါ့'

'ဟုတ်တယ် မမဖုရား'

'နန်းရည်ထံ သူ့ကို ခေါ်လို့ရပါ့မလား'

'ရမယ်မထင်ဘူး မမ...'

'ဘာကြောင့်လဲ ကိုမိုးရယ်...'

'သူဟာ ဘယ်လိုမိန်းမတစ်ယောက်ထံမှာမှ မျက်နှာ မလုပ်ချင်ဘူး...'

'ဩော်... သည်လိုလား ဒါဖြင့် နန်းရည်လေ၊ သူ့ထံသွားပြီး သူနှင့်

mgyoe.com

mgyoe.com


တွေ့မယ်။ ကိုမိုးနှင့် ကိုဆိုးတို့ လိုက်ခဲ့နော်။ ပါနောက်တို့ ငတိုးတို့၊ ရွှေဝါတို့ ရွှေစာတို့ကိုတော့ မခေါ်ချင်ဘူး...'

'ဟာ မမရယ် သူ့ထံသွားလို့လည်း မဖြစ်ဘူး...'

'ဘာကြောင့်လဲ ကိုမိုးရယ်...'

'သူက မိန်းမကိုကြောက်တယ်၊ မိန်းမဟာ ခြသေ့်ထက် ကြောက်စရာကောင်းသတဲ့၊ သည်တော့ မမဖုရားကို သူ အတွေ့ခံမှာမဟုတ်ဘူး...'

'သူက မိန်းမကို ကြောက်သတဲ့လား။ မိန်းမဟာ သူ့ကို ကိုက်စားမှာတဲ့လား'

'သူပြောတာနော်၊ မိန်းမဟာ မျက်စောင်းနှင့်ထိုးတတ်တယ်၊ နှုတ်သီးနှင့်လည်း ပေါက်တတ်တယ်၊ ဟိန်းလည်း ဟိန်းတတ်တယ်၊ ဟောက်လည်း ဟောက်တတ်တယ်၊ ဝေါက်လည်း ဝေါက်တတ်တယ်၊ ခြောက်လည်း ခြောက်တတ်တယ်၊ တင်ကောက်ပြီး ရင်မောက်လို့ အရုပ်ဆိုးပြီး ကြောက်စရာကောင်းတယ်၊ ငိုလည်းငိုတတ်တယ်၊ ခိုင်းလည်းခိုင်းတတ်တယ်၊ အားမနာတတ်ဘူးတဲ့ဗျား...'

'သြော်... သည်လိုကို၊ မဖုရားတော့ သူနှင့်ကို တွေ့ချင်နေတာပဲ။ မတွေ့ရရင်ကို မနေနိုင်ဘူး...'

'ဒါက ခက်တယ်...'

'ကိုမိုး... ကိုမိုးဟာ နန်းရည်ရဲ့ငယ်ကျွန် ကျွန်ယုံတော်ဆို၊ ဒါလောက်မှ အားမကိုးရဘူးလား။ ကိုမိုးတို့ ကိုဆိုးတို့ မဆောင်ရွက်နိုင်ဘူးဆိုရင် နန်းရည်တော့ စိတ်ကောက်မှာပဲ၊ တကယ်ကောက်မှာပဲ တကယ့်ကိုကောက်မှာပဲ...' ဆိုကာ မြနန်းရည်သည် မျက်နှာကိုမှုန်လျက် သုန်ပြီးလျှင် နောက်ခိုင်းကာ ခေါင်းကိုငုံ့၍ လက်ချောင်းကလေးများကို ကြည့်ကာ လှုပ်နေလေ၏။

'ဟော့ မောင်ဆိုး၊ တကယ်စိတ်ကောက်နေပြီကွယ်'

mgyoe.com

mgyoe.com


'ခက်သကွာ ဒါကြောင့် ငါ ဟိုတုန်းကတက္ကသိုလ်ကို ထိပ်ထား သခင်မကလေးနှင့် မလိုက်ချင်ပါဘူးလို့ အတန်တန် သံတော်ဦးတင်တယ်၊ မရဘူး...'

'ဟော့ ခက်မနေနှင့်၊ မင်းကြဲ...'

'ထိပ်စုမြတ်ဘုရား'

'ဘာလဲ ခေါ်ပါနှင့်။ သူမျှားတွေ့ချင်တာကိုတော့ ခေါ်လည်းမပေး၊ သွားလည်းမပို့၊ ပစ်ထားကြတာပဲ၊ ပြည်တော်ကိုမပြန်ဘူး၊ စေတုတ္တရာကို လိုက်သွားမှာပဲ'

'ခက်သကွာ မြန်မြန်တင်...'

'ထိပ်စုမြတ်ဘုရား...'

'တင်ပါ...'

'ကျွန်တော်မျိုးများနှင့် ကိုနောက်စံဟာ...'

'ကိုယ်တော်ကလေးလို့ခေါ်'

'နောက်တော့မှပဲ ခေါ်ပါရစေ မမဘုရား...'

'ခုခေါ်ရင် ကျားကိုက်မှာလား၊ တက္ကသိုလ်မှာ ကျားရှိသလား...'

'သွေးကြီးသွားမယ်၊ သွေးကြီးသွားရင် ဖမ်းလို့ရမှာ မဟုတ်ဘူး...'

'ဩော်... သူ သွေးကြီးမယ်နော်။ သူ့ကွယ်ရာမှာ ခေါ်တာကို သူ ကြားမှာလား...'

'ကြားနိုင်တယ်ဘုရား...'

'သူ နတ်လား...'

'နတ် မဟုတ်လို့ပေါ့၊ ကိုနောက်စံဟာ ဖုတ်အတတ်မှာ တစ်ဖက်ကမ်း၊ လူသေကိုတောင် လမ်းသွားစေနိုင်တယ်။ နားကြပ်အတတ်မှာလည်း ပါရဂူ၊ သူ့အခန်းထဲမှာဆိုရင်လေ ဓာတ်ကိရိယာတွေချည်းပဲ'

'ဩော်... သူ သိပ်ပညာရှိတယ်နော်။ အစက မဖုရားထံ ဘာ

mgyoe.com

mgyoe.com


ကြောင့် မတင်သလဲ...'

"မဖုရားက 'ထွိ' တောသား၊ အသည်သား ရွံစရာ ဆိုမှာစိုးလို့..."

'အစ်ကိုတို့ သိပ်အတာ နတာကိုး၊ သူ ပညာတတ်တာကို ခုမှ သိရတယ်။ တခြားမင်းသမီးတွေ သိကုန်ပြီထင်ပါရဲ့...'

'မသိပါဘူး၊ သုနာပရန္တတိုင်း ဘုရင်မင်းမြတ်ရဲ့နန်းတော်မှာ ခေါင်းလောင်းကြီးတစ်ခု ရှိတယ်။ အဲသည် ခေါင်းလောင်းကြီးကို တီးလိုက်ရင် နိုင်ငံတော်ရှိ နေဝင်ဘုရင်များ၊ မြို့စိုးများ မြို့စားများထံမှာရှိတဲ့ ခေါင်းလောင်းကလေးတွေဟာ မြည်ကုန်တာပဲ။ ဒါကို ဆရာတော်ဘုရားက ကိုနောက်စံရဲ့ အတတ်လို့ ဘုရင်မင်းမြတ်ထံမှာ မသိစေဘူး။ သူ့အတတ် ပညာလို့ လုပ်ထားတယ်'

'သြော် မဖုရား သူ့ကိုတွေ့ချင်လှပြီ...'

'နေပါဦး မဖုရား၊ သူဟာ ကြောက်စရာလည်း အင်မတန်ကောင်းတယ်။ ဟို သစ်ဆင်းလတုန်းက မဖုရားခေါ်တော့ ကျွန်တော်မျိုးတို့ မရှိဘူးမဟုတ်လား။ မဖုရားကတောင် ဒဏ်ထားသေးတယ်'

'အင်း.... ဟုတ်တယ်'

'သူနှင့် သင်္ချိုင်းတော်ကို ညချည်းမှာ လိုက်သွားတယ်။ သူ့မှာ ဓာတ်လုံးကလေး ငါးလုံးကြိုးနှင့်တပ်ပြီး ယူလာတယ်။ သည်ကြိုးဟာလည်း ဓာတ်ကြိုးထင်တာပဲ။ သူပြောတာတော့ သွပ်ကြိုး၊ ဆေးဒန်းကြိုး၊ ကန့်ကြိုး ပြီးတော့ ဘာကြိုးဆိုလဲလေ မမှတ်မိတော့ပါဘူး'

'ပြောပါဦး၊ ပြောပါဦး၊ ပြောပါဦး...'

'သင်္ချိုင်းတော်ရောက်တော့ အပျိုတော်တစ်ယောက်သေလို့ ပစ်ထားတဲ့ အလောင်းထံသွားပြီး သူလုပ်တော့ လုပ်တာပဲ၊ ဘာတွေလုပ်မှန်း မသိ၊ သည်အလောင်းဟာ ထထိုင်တယ်၊ ပြုံးလာတယ်၊ စကားတော့ မပြောနိုင်ဘူး၊ ထပြီး လမ်းသွားတယ်။ နောက် ကြိုးတွေကိုဖြုတ်တော့

mgyoe.com

mgyoe.com


သေမြဲတိုင်းသေတယ်…'

'သိပ်တတ်တယ်နော်…'

'အဲတာကြောင့်လည်း ဆရာတော်ဘုရားက သုနာပရန္တတိုင်း ဘုရင့်သမီးတော် ထိပ်ထားရဲ့ညီမတော် စောအုံနွယ်နှင့် တိတ်တိတ်ဆွယ်နေတယ်…'

'အစ်ကိုဟာ ပါသွားရောလား…'

'သူ့အပြောပဲ၊ ရွှံ့စရာတဲ့။ ဘုရင့်သမီးဆိုတာ ဘုရင်လိုပဲ။ ဘုရင်ဆိုတာ အကြီးဆုံးဓားပြ၊ ဓားပြရဲ့သမီးကို ဘာလုပ်ရမှာလဲတဲ့…'

'မဖုရားကိုလည်း သူ သည်လိုထင်ရင် ခက်တယ်နော်'

'ဟော့ မင့်ဟာက သိပ်ကိုရှည်တယ်၊ မင်းနှင့် ကိုနောက်စံဟာ သိပ်ခင်တယ်၊ မင်းတောင် ဥယျာဉ်တော်ရေကန်အနား ခေါ်ခဲ့ကွယ်။ ငါလည်း စောင့်နေမယ်၊ အဲသည်တော့ ထိပ်ထားက လာတာပေါ့…'

'အင်း… ဟုတ်တယ်၊ ကိုမိုးပြောတာ ကောင်းတယ်'

'မဖုရားကလည်း ငမိုး အလကားအကောင်ပြောတာကို နားယောင်လို့။ သည်လိုဆိုရင် မြင်ကြမှာပေါ့၊ တစ်ယောက်ယောက်က ဆရာတော်ဘုရားထံကို သတင်းပေးလိုက်ရင် မခက်ပါလား…'

'ဒါလည်း ဟုတ်တယ်နော်…'

'သည်ကနေ့ည လပြည့်ကျော်သုံးရက်နေ့ည၊ ကျွန်တော်မျိုးတို့ ဟိုကျောင်းတော်ဦးမှာ သူ့ခေါ်ပြီး စောင်းတီးနေမယ်…'

'သူ တီးတတ်သလား…'

'ဝိဇ္ဇာပေါ့…'

'အင်း… အင်း… ပြောပါဦး…'

'အဲသည်လို စောင်းတီးနေတော့ မဖုရား လာ'

'အဲ… ဟုတ်တယ်၊ အစ်ကိုတို့ မျက်စိကို မှိတ်ထားရမယ်နော်…'

mgyoe.com

mgyoe.com


'နန်းရည်ဟာ ရှက်တတ်တယ်...'

'ဟာ မဖုရားကလည်း ဘယ်မှာ မျက်စိကိုမှိတ်ထားနေနိုင်မှာလဲ မှောင်ရိပ်ထဲကနေပြီး ချောင်းကြည့်မယ်၊ ချောင်းနားထောင်မယ်...'

'ဟင်... မြင်ကုန်မှာပေါ့...'

'သြော်... ဒါလောက်ကလေး စကားပြောနေတာကိုဖြင့် ကြည့်ပါရစေ...'

'သူက...'

'ခက်တယ်... မဖုရားက သူ့ကိုဆွဲပွေ့ရင်တောင် သူက ရှိခိုးပြီး တောင်းပန်ဦးမှာ...'

'ကိုင်းပါရှင်၊ ရှင်တို့သဘောပါ'

မြနန်းရည်သည် စိတ်ကူးနှင့် မြူးလျက်ရှိ၏။ ယနေ့ကား ၎င်း၏ စိတ်သည် ထူး၏။ မနျူးရဘဲနှင့် အတွေးနှင့် နူးနေ၏။ လရောင်သည် အရှေ့လောကဓာတ်မှ လင်းရောင်ခြည်သန်းလာပြီ။ တဖြည်းဖြည်း လလုံးသည် ပေါ်လာပြီ။ လ၏အသရေသည် မြနန်းရည်ကို ကြွေအောင် ခြွေသကဲ့သို့ ဖြစ်နေပြီ။ လသည် တဖြည်းဖြည်း မြင့်တက်လာ၏။ တိမ်ကင်း၍ စင်၍ ကြည်လင်၍ လောကဓာတ်၏ အသရေသည် တိုးတက်ကာနေ၏။

ထိုကဲ့သို့ လ၏ အသရေနှင့်အတူ စောင်းသံသည် လေတွင်ဝှေ့ကာ ဝှေ့ကာ ပေါ်လာလျက် မြနန်းရည်၏ သည်းစိုင်နှင့် သီးပြိုင်ကို ခွေ့တော့ပြီ။

'သိပ်ကို သာယာပါလား။ လူတီးတယ်ဆိုလို့ ယုံရမှာလား။ ဒါဟာ အသည်သား ကိုနှောက်စံရဲ့ လက်သံတဲ့၊ စောင်းသံကလေး ခရာသလို သူ့သဘောဟာ သာကောင်းပါရဲ့။ စောင်းသံကလေးက ခရာပိုသလို သူ့သဘောဟာ ချိုကောင်းပါရဲ့။ ငါသွားမည်၊ ငါကစားမည်။ ဟော

mgyoe.com

mgyoe.com


ခြေထောက်က ကြောက်နေလိုက်တာ ဆွဲကိုမရဘူး။ အလိုလေး ဒူးက တုန်လို့၊ ညည်းဘာကို မယုံသလဲ။ ဟော ကိုယ်တွေတောင်တုန်လာပြီ၊ အို... ကြောက်ပါတယ်။ အေး... ညည်းကြောက်နေ၊ မနေ့မယိဒ္ဒိ ပတ္တမြားကျောက်ကြီးကို ကောက်ရရက်သားနှင့် လွှတ်ထားခဲ့တော့မှာ လား၊ အို... ငါကောက်လို့ ရပ့်မလား...'

ထိုသို့ တွေးဆ၍ မြနန်းရည်သည် စောင်းသံရှိရာသို့ မှောင်ရိပ်ခိုကာ သွားရောက်ပြီးသော် ဤသို့ကြည့်၍ တီ၏။

'အစ်ကိုနေ့ာ် စောင်းအတတ်မှာလည်း တစ်ဖက်ကမ်းခပ်ပါ ကလား...'

'ကိုမိုး၊ ကျုပ်ပြန်တော့မယ်ဗျာ...'

'အို ဘာကြောင့်ပြန်ရမှာလဲ၊ မောင်ဘုရားကို ဘီလူးမက စားဖို့လာ တယ်များ ထင်နေပါသလား...'

နောက်စံကား ထ၍ပြန်တော့မည်ပြု၏။

မြနန်းရည်ကား လက်ကိုဆွဲကိုင်ထား၏။

'အဲကွယ် မိပဟော့ နိပ်သကွာ ကြိတ်လိုက်' ဆိုကာ ငမိုး ငဆိုးတို့ ပါနောက်တို့သည် ခေါင်းချင်းဆိုင်၍ တပြုံးပြုံးတခွိခွိ နေကြလေ၏။

'အို... ဒါဟာ ဘာလုပ်တာလဲ...'

'မောင်ဘုရားကို မိမိကလေးက ပြန်မသွားပါနှင့်လို့ လက်ကိုဆွဲပြီး တားသေးတာ၊ ဆရာတော်ဘုရားထံသွားပြီး နန်းရည်က ကျွန်တော့်ကို လက်ဆွဲတယ်လို့ ငိုပြီးတိုင်ဦးမှာလား'

'ဟော့ တို့သခင်မ အတော်နိပ်တယ်'

'ဘာတွေပြောပါလိမ့်'

'ချစ်လို့ရှင့် ကြိုက်လို့ရှင့်၊ မမိုက်လို့ရှင့်၊ မှားသွားတယ်နော်၊ ချစ်လို့ ပါဘုရား၊ မမိုက်ဘဲ လိမ္မာလို့ပါဘုရား၊ သဒ္ဓါပါဘုရား သဒ္ဓါပါဘုရား'

mgyoe.com

mgyoe.com


'ကန်တော့ပါဘုရား'

'ဟော... ခက်တယ်... ဘယ်လိုများ ပြောပြန်ပါလိမ့်။ ကိုယ့်ဟာကိုယ် ကိုယ်က ဘုရားလို့ ပြောရသလား။ စိတ်ထားတည်၍ကြည်တော့၊ ကြာကြည်မရှိလို့ ဘာဂီကို အောင်ရတယ်ဆိုမှပေါ့ ကိုယ်တော်'

'ကိုဆိုးတို့ ကိုမိုးတို့၊ ခင်ဗျားတို့ သိပ်နောက်တယ်ဗျာ၊ ဘယ်ကို သွားကြပါလိမ့်'

'အလိုက်တာနော် ကိုနောက်စံရေ၊ ခင်ဗျားလူ ပြောင်းပြန်ကြီးဖြစ်နေပြီ'

'နေပါဦးကိုယ်တော်၊ မိမိကလေးက သည်လိုဖမ်းထားလို့ ကိုယ်တော်မှာ အသရေတွေ ပဲ့ကုန်ပြီလား၊ ဂုဏ်တွေ နိမ့်ကုန်ပလား၊ ကျက်သရေတွေ မဲ့ကုန်ပလား'

'စဉ်းစားပါနော် သခင်မဖုရား'

'ဟော... ခက်ကုန်ပြီ...၊ နားထောင်နော် 'မိမိ'ကလေးလို့ ဆိုပါ ကိုယ်တော်ဘုရား'

'နန်းတော်ထက်မွေး မြလင်ပန်းနှင့် သန့်စင်ဆေးတဲ့ မင်းသွေးမင်းရည်ဟာ အုတ်ကြားမြက်ပေါက် အချင်းရောက်လို့ အင်တုံအောက်မှာ အော်ဝဲနှင့် လူဖြစ်လာရတဲ့သူနှင့် တန်ပါ့မလား။ မတန်မရာ မင်းကမွေးသည့် မင်းရည်သွေးကို မလေးမလောက် တော်ရာပေါက်က မျက်နှာဆိုင်လို ပြိုင်သင့်သလား၊ ချင့်စာပါမဖုရား...'

'ဟော... ခက်ပြီ မြနန်းစကား မတီတာ တတ်တော့ဘူး၊ မြနန်းရည် ငိုတော့မယ်'

'သခင်မ ရွှေဉာဏ်နှင့် ဝေဖန်တော်မူ၊ နေမျိုးမင်းသွေးတို့မည်သည် နန်းတော်ထက်မှာကြီးလို့ စားဖို့ကိုမပူရ၊ ဝတ်ဖို့ကိုမပူရ၊ လိုတရနှင့် နဂိုကကုသိုလ်အားလျော်စွာ အတန်းမြင့်လာပါတယ်နော်။ ငနောက်စံတို့ဆို

mgyoe.com

mgyoe.com


တော့ ခံတက်ချဉ်သည်သား နေ့ဖို့ညစာကို အလူးအလဲရှာရ ငနောက်စံမှာ နေ့ရှိသမျှ ခံတက်ရွက် တက်ကာခူး နေ့စာရှိလို့ ညစာမရှိ၊ ညစာရှိလို့ နံနက်စာ မရှိ၊ အဝတ်တစ်ထည်စုတ် တစ်ထည်လဲစရာ မရှိ၊ အပူနှင့်လူဖြစ်လာရတဲ့သူပါ၊ မတန်ပါ ထိပ်စုမြတ်ဘုရား'

'ကိုယ်တော်ဘုရား စဉ်းစားတော်မူပါ၊ လောကမှာ ချမ်းသာသူဟာ ဘယ်သူလဲ။ ဘုရင်လား၊ သူဌေးလား၊ သူကြွယ်လား မဟုတ်ဘူးနော်။ တင်းတိမ်ရောင့်ရဲတဲ့ သူသာလျှင်ပါတဲ့၊ လောကမှာ လောကရဲ့ကိုးကွယ်ရာဟာ ဘယ်သူလဲ။ ဘုရင်လား၊ သူဌေးလား၊ သူကြွယ်လား မဟုတ်ဘူးနော်။ တိုင်းပြည်လူမျိုးတို့ရဲ့ အကျိုးကိုဆောင်တဲ့သူ၊ အဲသည်လိုလူဟာ လောကရဲ့ကိုးကွယ်ရာ၊ လောကရဲ့အားထားရာပါတဲ့။ အဲသည့်လို လောကရဲ့ကိုးကွယ်ရာ သူများမှာသာ သားကောင်းရတနာ ထွန်းကားနိုင်ပါသတဲ့။ သားကောင်းရတနာများမှာသာ အတတ်ပညာကောင်းတို့ ကိန်းအောင်းနိုင်ပါသတဲ့၊ အတတ်ပညာကောင်းရှိတဲ့ သူသည်သာလျှင် တိုင်းပြည်လူမျိုးရဲ့အကျိုးကို ဆောင်နိုင်လို့ တိုင်းပြည်လူမျိုး၏ ကိုးကွယ်မှီခို အားထားရာပါတဲ့'

'ကိုယ်တော်ဘုရားရဲ့ မယ်တော် ခမည်းတော်တို့ဟာ ဘာကြောင့် ခံတက်ချဉ်သည်အဖြစ်နှင့် အသက်မွေးပါသလဲ။ တိုင်းပြည်လူမျိုး၏ အကျိုးကို ဆောင်ရွက်လိုလို့၊ အဲသည်တော့ ကိုယ်တော်ဘုရားရဲ့ မယ်တော် ခမည်းတော်တို့ဟာ လောဘကို အရင်းတည်ပြီး နိုင်ငံနယ်ပယ်ချဲ့ထွင်လိုတဲ့ ဧကရာဇ်၊ ဧကရာဇ်မိဖုရားခေါင်ကြီးတို့ထက် မြတ်ပြီး မင်းပီသတယ်နော်။ အဲသည်တော့ ကိုယ်တော်ဟာ အတတ်ပညာကောင်း ကိန်းအောင်းနိုင်တဲ့ ဘုန်းသမ္ဘာရှိ မင်းယောက်ျားပေါ့။ သည်လို ဘုန်းသမ္ဘာရှိ မင်းယောက်ျားကို မိမိကလေးဟာ ကျွန်မကလေးအဖြစ်နှင့် မိတ္တီလာတိုင်း ပြည်သူပြည်သားတို့ အကျိုးကိုလိုလားသမှုဖြင့် လုပ်ကျွေးပါ

mgyoe.com

mgyoe.com


ရစေ၊ မြှောက်စားပါရစေ၊ သလုံးသားကလေးကိုဆုပ်၍ ကိုယ်တော်ဘုရား လို့ စကားကလေးသာသာနှင့် ခယပါရစေ သနားတော်မူပါ။"

ငနောက်စံကား ငိုင်၍နေ၏။

'ခင်ပါတယ်၊ ကြင်နာပါတယ်၊ သဒ္ဒါပါတယ် သဒ္ဒါပါလို့ မိန့်တော်မူ မိမိကလေးရဲ့ အချစ်က သဘောတော်တူပါ ကိုယ်တော်ဘုရား' ဆိုကာ မြနန်းရည်သည် ငိုသံပါလာလေ၏။

* * *

မြနန်းရည်သည် လက်ဝတ်တော်ကိုချွတ်၍ ကန်တော့ပြီးသော် မှာထားခဲ့လေ၏။

## အခန်း (၂)

'ဝန်မင်း စဉ်းစားပါ၊ ကျုပ်က ဝန်မင်းတို့နှင့် ဘုရင်မင်းမြတ်ရဲ့ အကျိုးကို လိုလားလို့ ကျုပ်လူတစ်စု ဝန်မင်းတို့ကိုတော်လှန်ပြီး ထွက်သွားတာတောင် ကျုပ် မလိုက်ဘူး'

'ကျုပ်လည်း ဝန်မင်းကိုတော့ ယုံကြည်ပါတယ်၊ အားထားပါတယ်။ ကျုပ်တို့ထက်လည်း အမြင်သန်ပါတယ်လို့ အခါခပ်သိမ်း သဘောထားရှိလျှက်ပါ'

'ကျုပ်က ခုတိုင်းပြည်မှာ ကသောင်းကနင်းပြုသူတို့နှင့် ပတ်သက်ပြီး အလွှာတစ်ခု တင်ပြမယ်။ သည်အလွှာကို ဘုရင်မင်းမြတ်လည်း ဂုဏ်မြှောက်အောင် ဘုရင့်အလွှာလို့ပဲ ပညတ်တင်ပါ၊ ကျုပ် ဂုဏ်မလိုပါဘူး'

'ကောင်းပါတယ်၊ လျော်ကန်ပါတယ်၊ သင့်မြတ်ပါတယ်'

mgyoe.com

mgyoe.com


'ရွှေ… ဖျား။ နောက်တော်ပါးက အမြဲခစားကာ စားသောက်ပြီး ဂုဏ်အာဏာလုပ်နေတဲ့ မောင်တစ်စုကလည်း ကသောင်းကနင်းပြုသူတို့နှင့် ပတ်သက်ပြီး တင်လျှာတစ်ခု ဆက်သလိမ့်မယ်။ သူတို့ရဲ့ တင်လျှာကို ဝန်မင်းတို့တစ်စုက ပယ်ဖြစ်အောင် ပယ်ချကြရမယ်။ ကျုပ်ကတော့ ဝန်အရာကျဆိုတော့ ပြင်ပကသာ ဆောင်ရွက်အားပေးနိုင်တယ်။ ညီလာခံကို မဝင်နိုင်ဘူး'

'ဝန်မင်းကိုလည်း နေရာတစ်ခုအတွက်တော့ စီစဉ်ပါ့မယ်'

'မလိုဘူးဝန်မင်း၊ ကျုပ်က ပွဲထောင်းပြီး တိုင်းပြည်ကို အလင်းသို့ပို့ကာ စားသောက်နေမယ်'

'လျော်ကန်သင့်မြတ်ပါပေ့ဖျား'

မိတ္ထီလာတိုင်းပြည် ဘုရင်မင်းမြတ်သည်ကား သမီးတော်ပြန်ရောက်ချိန်ရောက်သဖြင့် ကွမ်းထောက်တော်၊ အကြိုတော်များကို စီစဉ်ကာ လွှတ်သော်လည်း ရွှေစိတ်တော်ကား မကြည်ချေ။

အကြောင်းသော်ကား တိုင်းပြည်ကို ကသောင်းကနင်းပြု၍ တိုင်းတစ်ပါး၏ သြဇာခံဖြစ်စေလိုသော သူတို့နှင့် ပတ်သက်ပြီးလျှင် နန်းရင်းဝန်ကြီး စီမံသော ဘုရင့်အလွှာနှင့် ဘုရင့်နေစံပါးက လူစုကတင်သော အလွှာတို့ ကွဲပြားပြီးသော် ဘုရင့်အလွှာကိုသာ လက်ခံသောကြောင့် ဘုရင့်နောက်ပါးတော်က လူစုများ၊ ဘုရင့်လက်ရွေးစင် လူစုများတို့သည် နေပြည်တော်မှ ရှောင်တိမ်းကြပြီးသော် တိုင်းပြည်ကို ကသောင်းကနင်းဖြစ်စေသောကြောင့်တည်း။

မြနန်းရည်သည် တက္ကသိုလ်ပြည်တော်မှ ပြန်လာ၍ နိုင်ငံတော်အစွန်အဖျားသို့ ရောက်လတ်သော် ချပ်မိန်ညီုတို့ကိုဆင်လျက် လက်နက်အမြောက်အမြားတို့သည် မြနန်းရည်ကို ဝိုင်းထားပြီးဖြစ်နေလေ၏။

မြနန်းရည်ကား မင်းသွေး ပီသ၏၊ တည်၏။ မရွံ့မကြောက်၊

mgyoe.com

mgyoe.com


ရွံ့ကြောက်ခြင်းကို ရှာမတွေ့၊ နီသောဝတ်လုံကို ဝတ်၍ ခါးရန်းကြိုး အစိမ်းဖြင့် ပတ်စီးလျက် တစ်စုံတစ်ရာသော လက်နက်မျှမပါဘဲ တပ်ဦး သို့သွားပြီးသော် ဤသို့ဆို၏။

"သြော်... ဗိုလ်မင်းတို့ နန်းရည်ကို ကြိုဆိုနေကြသလား၊ နန်းရည် ဝမ်းသာလိုက်တာနော်။ ဆင်တော်နှင့် ခရီးပြင်းနှင်လာခဲ့လို့ နွမ်းလှသော် လည်း ဗိုလ်မင်းတို့ကိုတွေ့ရတော့ အပန်းပြေပြီနော်။ ကြွကြွ မြနန်းရဲ့ တဲတော်မင်္ဂလာကို၊ ကျက်သရေရှိပါစေ။"

ဗိုလ်ကား တစ်စုံတစ်ရာမျှ စကားမဆိုဘဲ မြနန်းရည်ကို အရိ အသေပြုပြီးသော် မျက်ရည်တွေတွေကျကာ ဓားကို ဓားအိမ်အတွင်းသို့ ပြန်သွတ်လျက် ဒူးတစ်ဖက်ထောက် ခေါင်းငုံ့၍နေ၏။

'အလိုလေး၊ ဘာဖြစ်လာတာလဲ ကြွ... မြရဲ့ တဲတော်မင်္ဂလာကို၊ ဗိုလ်မင်း မင်္ဂလာရှိစေ၊ ကျက်သရေနှင့်ပြည့်စေ၊ ဒူးထောက်မနေနှင့် ညောင်းတယ်၊ သည်ဟာတော့ တောဆိုတာကော စရိုက်ပေါ့။ ကြွပါ– ကြွပါ ဗိုလ်ကြီးသီရိကျော်ထင်ကော နေကောင်းရဲ့လား၊ မာတော်မူပါရဲ့ လား။ နန်းရည်လေ ဦးရီးတော် သီရိကျော်ထင်ကို သိပ်မြင်ယောင်တာပဲ၊ သိပ်လည်း အားကိုးတာပဲ၊ ခမည်းတော်ဘုရား ဥပုသ်ဆောင် ဝင်သွား တော်မူလို့ နန်းရည် ဘုရင်မဖြစ်တဲ့အခါ ဦးရီးတော် သီရိကျော်ထင်ကို နဂိုက မူရင်းအားကိုးအတိုင်း တိုင်းပြည်ကြီးလွှဲပြီး သာယာအောင်လုပ်ရ မယ်လို့ တစ်နေ့မပြတ်ဘဲ ကိုးစားမိတယ်နော်၊ ဗိုလ်မင်း ယခု ဦးရီးတော် ဗိုလ်ကြီးသီရိကျော်ထင်က အကြိုတော်လွှတ်လိုက်သလား'

ဗိုလ်ကား မိမိတပ်သားတို့အား အရိအသေပေးစေကာ သက်သာ စေ၍ မြနန်းရည်၏ တဲတော်မင်္ဂလာသို့ ဝင်လိုက်ပြီးသော် သင့်တင့်ရာက ခစားနေလျက် မျက်ရည်တွေတွေကျဆင်းကာ နေလေ၏။

'ဗိုလ်မင်း အကြောင်းရှိသမျှကို လင်းပါ။ နန်းရည် နှလုံးနှောက်

mgyoe.com

mgyoe.com


တော့မယ်။ ဘာဖြစ်ကြသလဲ၊ ခမည်းတော်ဘုရားကများ အမျက်တော်ပွားလို့လား။ မြရှိတယ်နော်၊ နန်းရည်ဟာ ဗိုလ်မင်းတို့ကိုအားကိုးပြီး နိုင်ငံတော်ထိပ်တန်းရောက်အောင် ဆောင်ရွက်မယ်လို့ အတတ်အမျိုးမျိုးကို သင်ခဲ့တယ်။ ပွင့်ပွင့်လင်းလင်းမိန့်ပါ၊ ဘာမဆို နန်းရည်ဟာ ဗိုလ်မင်းတို့ရှေ့က မားမားပါ'

'ထိပ်စုမြတ်ဘုရား'

'တင်'

'ထိပ်စုမြတ်ဘုရား တက္ကသိုလ်ပြည်သို့ သွားတော့ အတန်တန်ဗိုလ်ကြီးသီရိကျော်ထင်ကို မှာထားတော်မူခဲ့ပါတယ်။ ဟိုလူတစ်စုဟာ မတော်မှန်ဘူး နိုင်ငံတော်ကို မှောက်လှန်ပြီး အာဏာကိုသိမ်းကာ ပြည်ကိုပျက်စေမယ်။ ဒါကြောင့် မလွှဲသာလို့ မြှောက်စားရရင် သူတို့ရဲ့ခေါင်းဆောင်ကို အတွင်းဝန်ကြီးမထားနှင့်၊ လွှတ်တော်ဝန်ကြီး မထားနှင့်၊ အဲသည်အတိုင်း စီမံတော့ သူတို့ တော်လှန်ပြီး ပြည်တော်က ခွာကြပါတယ်'

'သိပ်ရိုင်းတယ်နော်၊ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံဟာ ပျက်တယ်ဆိုတာ သည်လို အသားထဲက လောက်ထွက်လို့ပေါ့ ဗိုလ်မင်းရယ်'

'ထိပ်စုမြတ် စဉ်းစားတော်မူပါ။ အဲသည်တော့ သည်ကျွန်တစ်စုက သည်လူစုထဲသွားပြီး စေ့စပ်ပါ့မယ်၊ စေ့စပ်မရတော့ တိုက်ပါ့မယ်လို့ အလွှာတော်တင်တယ်။ ဟိုလူတစ်စုရဲ့ သူလျှိုက ပြည်ကမခွာဘဲ ချန်ခဲ့ပြီး နန်းရင်းဝန်ကြီးထံ အယုံသွင်းကာ ဘုရင့်အလိုတော်လို့ အလွှာတစ်ခုရေးကာ ကျွန်တော်များတင်တဲ့ အလွှာကို ပယ်ပါတယ်။ ကျွန်တော်များက ပြည်သိအောင် ကြော်ငြာတော့ ဖမ်းဆီးကာ တန်းချပါတယ်။ ဒါနှင့်ပြည်တော်ကခွာပြီး ခုလိုနေရပါတယ်'

'ဦးရီးတော် သီရိကျော်ထင်ကော ပါသလား'

mgyoe.com

mgyoe.com


'ခေါင်းဆောင်ပေါ့ ထိပ်စုမြတ်ဘုရား'

'နန်းရည်လေ ဦးရီးတော်နှင့် တွေ့ချင်ပါဘိ။ ဗိုလ်မင်းရယ် သဝဏ်ပါးပေးပါ'

'မကြာမတင်မီ ခြေတော်ရင်းသို့ ဝပ်စင်းပါလိမ့်မယ်ဘုရား'

* * *

'ဦးရီးတော် ကြွတော်မူပါ၊ ကျန်းခံ့သာလို့ မာတော်မူပါရဲ့နော်'

'ထိပ်ထား ဦးရီး ဝမ်းနည်းသနော်၊ မယ်တော်မြတ်ဘုရား နတ်ရွာသို့ ကြွမသွားရင် သည်လိုမဖြစ်ကြရဘူးနော်။ ဦးရီးတို့ ဘဝသခင် အရှင်မင်းတရားကြီးရဲ့ သစ္စာတော်ကို ထိန်းမြဲတိုင်းထိန်းပါတယ်။ ဒါပေမဲ့ ပြည်တော်၌ မနေသာလို့ ခွာခဲ့ရတယ်။ ထိပ်ထားကိုတွေ့ရတော့ ဦးရီးတော် မဆည်နိုင်ဘူး'

'ဦးရီးတော်'

'ဘုရား'

'နန်းရည်လေ ခမည်းတော်ထံ ရေလည်အောင် လျှောက်ထားပြီး ပြည်တော်ကြီးကို ငြိမ်းချမ်းစေမယ်။ အရာရာကို အောင့်အည်းပြီး တိုင်းသူပြည်သားကို သနားပါ'

'ထိပ်ထား၊ ပြည်တော်ကြီး ရှုပ်ယှက်ခတ်ကာ အတည်မငြိမ်တော့ဘူး။ နန်းရင်းဝန်ကြီးရဲ့ တပ်သားတွေတဲ့ တစ်တောင်လောက်သာရှိတဲ့ တံတင်းထဲမှာ သူပုန်သူကန် ခိုအောင်းတယ်ဆိုပြီး အိမ်စေ့အောင်တက်ကာ ရှာဖွေကြတယ်။ သည်လိုရှာဖွေပြီး ပြည်သူတို့ရဲ့ ဥစ္စာရွှေငွေတို့ကို ယူကြတယ်။ ကစားဝိုင်းထောင်တယ်၊ သေရည်တည်ပြီး ယစ်မူးကြတယ်၊ ဓားပြတိုက်တယ်၊ အဲသည်တော့ ဦးရီးတော်တို့ကလည်း တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ သူတို့နှင့် တိုက်ပွဲဆင်နွဲရတော့တာပဲ'

mgyoe.com

mgyoe.com


'အလိုလေး ခက်ကုန်ပါပကော၊ နန်းရည် ဘယ်လိုထိန်းပြီး ပြည်တော်ကြီးကို ငြိမ်းရပါမလဲ။ ခြံထဲ ကျွဲချင်းခတ်ကုန်ပြီ။ ပြည်ပျက်တော့မည်'

'မှန်လှပါ၊ ပျက်နေပါတယ်ဘုရား'

'နန်းရည် ခက်တယ်နော်၊ ဦးရီးတော်'

'ဘုရား'

'တိုင်းပြည်တစ်ပြည်မှာ ခေါင်းဆောင်ချင်း အစေးမကပ်ဘဲ ကွဲပြားလို့ သူတစ်လူ ငါတစ်မင်း လုပ်နေရင် သည်တိုင်းပြည်ဟာ တိုင်းတစ်ပါးနှင့် စစ်မတိုက်ရဘဲ ရှုံးနေသတဲ့။ သည်တိုင်းပြည်ရဲ့ ဘဏ္ဍာရေးဟာ တကျပ်တည်းကျပ်လာပြီ။ ဝန်လေးနှင့် ခရီးရှည်သွားရသလို ဖြစ်နေသတဲ့။ သည်လိုပြည်ကို သည်နိုင်ငံတော်ရှိ တောင်လှေးတောင်မွှားတို့ဟာ မလေးစားဘဲ ခြားနားခြင်းပြုတတ်သတဲ့'

'မှန်လှပါ၊ တောနေတောင်အောင်း လူရိုင်းအပေါင်းတို့ကလည်း ထနေပါဘုရား'

'ခက်ပြီနော် ဦးရီးတော်'

'ဘုရား'

'နန်းရည်တို့ တိုင်းပြည်နိုင်ငံတော်ကို ဟိုကုန်းမြင့်သားတို့ဟာ ဘယ်လေးစားမလဲ။ ပြည်ချင်း၊ နိုင်ငံတော်ချင်းက ကပ်လျက်နေတဲ့ ဟန်လင်းနိုင်ငံတော်၊ ဗိဿနိုးနိုင်ငံတော်၊ တကောင်းပြည်ကြီးတို့ဟာ စော်ကားတော့မယ် ဦးရီးတော်၊ နန်းရည်မိတ္ထီလာပြည်မသို့ ချီတက်တော်မမူလိုဘူး'

'ထိပ်ထား သည်လိုလည်း သဘောတော်မထားပါနှင့်ဘုရား။ ခမည်းတော်မြတ်ဘုရားထံ အခစားဝင်ပြီး အကြောင်းချင်းတကို လင်းဟာတော်မူပါ'

mgyoe.com